
ရထားနံပါတ်
Train No.338
၃၃၈
ဝတ္ထု - ဆက်မင်းနောင် (ရှုပ)
နှစ်တစ်နှစ်ရဲ့ နိုဝင်ဘာ ၂၇ရက်နေ့ည၇နာရီမိနစ်၂၀တိုင်းမှာ ဒီဘူတာကို ရထားတစ်စီးဆိုက်လာလေ့ရှိတယ်။
ဒီဘူတာရဲ့ ရထားဆိုက်ချိန်ထဲမှာ ၇နာရီမိနစ်၂၀ ဆိုတာမရှိဘူး။
ဒီတော့ ခရီးသည်တွေက ၇နာရီခွဲရထား စောလာတယ်ထင်ပြီး တက်သွားတတ်ကြတယ်။
အဲ့ဒီရထားနံပါတ်က ၃၃၈ တဲ့။

# အပိုင်း(၁)

"ငါတို့ တွေ တက္ကသိုလ် နောက်ဆုံးနှစ် စာမေးပွဲလည်း ပြီးပြီဆိုတော့ နောက်ဆို အခုလို တစ်ယောက်နဲ့ တစ်ယောက်ဆုံ ဖြစ်ကြဖို့ ဆိုတာ မလွယ်တော့ဘူး"

"ဟုတ်တယ်နော် ... လွှမ်းပိုင်ရဲ့ တစ်ခါက တက္ကသိုလ် သီချင်းထဲက လိုမျိုး တစ်ယောက် တစ်နေရာစီမှာ လုပ်ငန်းခွင်တွေ ဝင်ကြရတော့မှာ . .. "

နောက်ဆုံးနှစ် စာမေးပွဲ၏ နောက်ဆုံး ဘာသာရပ် ဖြေဆိုပြီးချိန်တွင် သူငယ်ချင်း ၅ယောက်စလုံး အအေးဆိုင် တစ်ခုတွင် ထိုင်ပြီး စကားစမြည် ပြောဆိုနေကြခြင်း ဖြစ်သည်။

သူတို့ သူငယ်ချင်း အုပ်စုတွင် ယောကျ်ားလေး နှစ်ယောက် မိန်းကလေး သုံးယောက် ပါဝင်သည်။ မိန်းကလေးများမှာ ကေကေ၊ ယွန်းစိုးနှင့် ဝါဆိုတို့ ဖြစ်ကြပြီး ယောကျ်ားလေးများမှာ ဝေဖြိုးနှင့် ထက်နောင် ဖြစ်သည်။

ငယ်သူငယ်ချင်းများ မဟုတ်ကြပေမဲ့ တက္ကသိုလ် ပထမနှစ်ကတည်းက တွဲလာခဲ့ကြသော သူငယ်ချင်းများ ဖြစ်သဖြင့် တစ်ယောက်နှင့် တစ်ယောက် သံယောဇဉ် အတော်ကြီးသည်။

တစ်ယောက် အတန်းပြေးလျှင် ကျန်သည့် လေးယောက်ပါ လိုက်ပြေးကြပြီး တစ်ယောက် နေမကောင်းလျှင် ကျန်လူများ ပါ နေမကောင်းသည့် သူငယ်ချင်း၏ အိမ်၌ တစ်နေကုန် သွားနေတတ်ကြသည် အထိပင်။

မေဂျာတူများ လည်း ဖြစ်ကြခြင်းက သူတို့ ငါးဦးကို ပို၍ စည်းလုံးစေခဲ့ခြင်း ဖြစ်သည် ။

"အဲဒီတော့ဟာ ... ငါအကြံတစ်ခု ရလာတယ်သိလား"

"ဘယ်လိုအကြံလဲ"

ကေကေ၏ စကားကို အားလုံးက စိတ်ဝင်တစားဖြင့် နားစွင့်နေကြသည် ။

"နင်တို့ corpse party ဆိုတဲ့ anime ကြည့်ဖူးလား"

"အင်းကြည့်ဖူးတယ် ... အဲ့ထဲကအတိုင်း လုပ်မလို့ လား ကြောက်စရာကြီး ... "

ယွန်းစိုးက ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်မေးသည် ။ ထို anime ထဲက အတိုင်းသာဆိုလျှင် သူငယ်ချင်း အားလုံး ဒုက္ခရောက် သွားနိုင်သည် လေ။

ယွန်းစိုးစကားကို ဝါဆိုကလည်း ထောက်ခံသည် ။

ဝေဖြိုးနှင့် ထက်နောင်ကတော့ gamer တစ်လိုင်း ဖြစ်သဖြင့် ရုပ်ရှင်ထိုင်ကြည့်နေဖို့ အချိန်မရှိ။ ကြည့်ဖြစ်လျှင်တောင်မှ anime ရုပ်ရှင်ဇာတ်လမ်းများကို ဘယ်သောအခါမျှ ကြည့်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် သူတို့ အတွေးထဲတွင် anime ရုပ်ရှင်များကို ကလေးဆန်ဆန် ကာတွန်းများ ဟု သတ်မှတ် ထားကြသောကြောင့်ဖြစ်သည် ။

ထို့ကြောင့် မိန်းကလေးများ ပြောနေကြသည် ကိုသာ ဘာမှ ဝင်မပြောပဲ နားထောင်နေကြသည် ။

"နေကြပါဦးဟဲ့ ... ငါပြောတာလဲ ဆုံးအောင် နားထောင်ပါဦး ကမ တွေရဲ့ ...။ ငါပြောတာက အဲဒီ anime ထဲက နည်းနဲ့ ခပ်ဆင်ဆင်တော့ တူတယ်ဟာ။ အကုန်တော့မတူဘူး။ မနေ့ညက စာကျက်ပြီး အိပ်ရာမဝ င်ခင် facebook ဖွင့်ကြည့်တော့ page တစ်ခုမှာ တင်ထားတာ တွေ့လို့ "

ကေကေ့ နောက်ဆက်တွဲ စကားကို ကြားတော့ စကားမပြောပဲ ငြိမ် နေသော ဝေဖြိုးနှင့် ထက်နောင်တို့ နှစ်ဦးသား တိုင်ပင်မထားပဲ ရယ်ဖြစ်ကြသည် ။

"ကေကေ ... facebook ပေါ်က တင်သမျှကို နင်က ယုံတာပဲလား။ ဒါ လေး shareပါ ငွေဝင်မယ်၊ ဒါမ share ရင် စာမေးပွဲကျမယ်ဆိုတဲ့ ပေါကြောင်ကြောင် ပိုစ့်တွေကို shareကြတဲ့ လူပိန်းတွေထဲမှာ ငါတို့ သူင ယ်ချင်းကိုတော့ မပါစေချင်ဘူးဟာ ... "

"ဟုတ်တယ်ဟ ... ထက်နောင် ပြောတာမှန်တယ်"

"လာပြန်ပြီ နှစ်ကောင် ...။ နင်တို့ သူငယ်ချင်းက အဲ့လို ပိန်းဥတွေ ထဲမှာ ပါလို့ လားငါ့ wall ထဲမှာ ရော အဲ့လို share ထားတာ နင်တို့ တွေ့ လို့ လား"

"ပြောမရဘူးလေ ...။ only me နဲ့  share ထားရင် share ထားမှာ ပေါ့ ... ဟုတ်တယ်မလား ဝေဖြိုး ... ဟားဟား"

စိတ်ဆိုး စိတ်ကောက်လျှင် ကလေး တစ်ယောက်လို ချစ်ဖို့ ကောင်း တတ်သော ကေကေ့ကို ဝေဖြိုးနှင့်ထက်နောင်က စနောက် ကျီစယ်နေကြသည် ။

"ကဲပါဟယ် နင်တို့ ကလည်း ကေကေ စကားအတည် ပြောနေတာကို နောက်မနေကြစမ်းပါနဲ့ "

ဝါဆို ကြားက ဝင်ပြောလိုက်တော့မှ ထိုနှစ်ကောင် အသံတိတ်သွားသည် ။ ထို့နောက် ကေကေက စကားပြန်ဆက်သည် ။

"တင်ထားတဲ့ သူက စောလင်းဦး (မှော်ပညာ)။ ဟိုးအရင်ကတည်းက ghost game တွေ အမြဲတင်ပေးနေကြ။ ငါလဲအယုံကြည်ကြီးတော့ မဟုတ်ပေမဲ့ ငါတို့ သူငယ်ချင်းတွေ တစ်သက်လုံး မခွဲရဖို့ စမ်းသပ်ကြည့်ချင်တယ် ... နင်တို့ သဘောကရော ... "

"ငါတို့ လည်း စိတ်ဝင်စားတယ်။ ဒီလိုခေတ်ကြီးမှာ သိပ္ပံကျောင်းသား အနေနဲ့ ဒါမျိုး စိတ်ဝင်စားနေတာ လူရယ်စရာ ဖြစ်နေမယ် ဆိုပေမဲ့ဟာ ... ကမ္ဘာအရပ်ရပ်မှာ သိပ္ပံပညာနဲ့ အဖြေရှာမရသေးတဲ့ ကိစ္စတွေလည်း အများကြီး ရှိနေတာပဲ မဟုတ်လား ...။ ဟိုနှစ်ကောင်ကို သာမေး ... "

ကေကေ့ဘက်မှ ဝါဆိုနှင့် ယွန်းစိုးတို့ နှစ်မဲပါလာသဖြင့် ၃မဲ ၂မဲ ဖြစ်နေပြီ ဖြစ်သည် ။

"အမယ်လေး ... နင်တို့ ကလည်း ။ ငါတို့ က First year ထဲက အတန်းပြေးလဲ အတူတူ စာကျက်လဲအတူတူ စိတ်တူကိုယ်တူ ရှိခဲ့ကြတာပဲ။ ငါတို့ က ဘာသဘောမတူစရာ အကြောင်းရှိလဲ။ ဟုတ်တယ်မလား ထက်နောင် ... "

"ဒါမျိုးမိမိ လက်ခံသည် ဟီးဟီး ... ... "

သူငယ်ချင်း ၅ယောက်စလုံး သဘောတူညီချက် ရပြီဖြစ်သဖြင့် ထို Friendship Forever Game အားစတင်ရန် အတည်ပြု လိုက်ကြသည် ။

"ဒါနဲ့ ငါတို့ အဲ့game ကို ဘယ်တော့ စဆော့ကြမလဲ"

"ဒီနေ့ ... "

* * *

သစ်ပင်သုံးပင် ဖိုခနောက်ဆိုင် ပေါက်နေသော နေရာကို သူတို့ အတော်လေး ရှာလိုက်ရသည် ။ နောက်မှ ဝါဆိုတို့ ရပ်ကွက်ထဲက ဘုန်းကြီး ကျောင်းဝန်းထဲတွင် ရှာတွေ့သည် ။

အသင့်ဝယ်ယူလာသော ဆေးနီမှုန့်များကို ထိုသစ်ပင် သုံးပင်၏ အလယ်တွင် စက်ဝိုင်းပုံသဏ္ဍာန် မျဉ်းကွေးအား လိုက်လံ၍ ဖြူးလိုက်သည် ။ အပေါ်စီးက ကြည့်မည်ဆိုလျှင် တြိဂံထဲတွင် စက်ဝိုင်း ဝိုင်းထားသကဲ့သို့ ပုံမျိုး တွေ့မြင်ရမည် ဖြစ်သည် ။

ထို့နောက် လက်မထိပ်လေးများကို အပ်နှင့်ပေါက်ပြီး ထွက်လာသော သွေးစလေးများအား ကတ်ကြေး တစ်လက်၏ အသွားတွင် ငါးယောက်စလုံး တို့လိုက်ကြသည် ။

သွေးစွန်းနေသော ကတ်ကြေး အသွားဖြင့် အဖြူရောင် စက္ကူကို လူပုံစံလေး ကိုက်ဖြတ် လိုက်ကြသည် ။ ထိုလူပုံစံမှာ ခရစ္စမတ် သစ်ပင်များတွင် ချိတ်ဆွဲလေ့ရှိသော လူရုပ်ပုံသဏ္ဍာန်မျိုး ဖြစ်သည် ။

"ကဲ ... အားလုံး ဟောဒီ အနီရောင် စက်ဝိုင်းစည်းပေါ်မှာ ရပ်"

စည်းပေါ်တွင် တစ်ယောက် တစ်နေရာစီ အသီးသီး ရပ်လိုက်ကြသည် ။ သူတို့ ရပ်နေပုံက စက်ဝိုင်းပေါ်တွင် ပဉ္စဂံတစ်ခု ဆွဲထားသကဲ့သို့

ညီညာလှသည် ။

"ငါက ဒီလူရုပ်လေးရဲ့ ခေါင်းပိုင်းကို ကိုင်ထားမယ်။ ကျန်တဲ့ လူတွေက ကိုယ့်နေရာကနေ တစ်ဖက်စီကိုင် ... "

ကေကေက ခေါင်းရင်းမှ နေ၍ အမိန့်ပေးသည် ။ ဝေဖြိုးနှင့် ထက်နောင်က စက္ကူလူရုပ်၏ လက်တစ်ဖက်စီကို ကိုင်လိုက်ကြပြီး ဝါဆိုနှင့် ယွန်းစိုးက ခြေတစ်ဖက်စီကို ကိုင်ထားကြသည် ။

ထို့နောက် "Flaga sorcerer bind us "ဟူသော spell ကို ကေကေမှ စ၍ တစ်ယောက်ချင်းစီ ဆယ့်တစ်ပတ် ပြည့်သွားသည် အထိ ဆက်တိုက် ရွတ်ဆိုသည် ။ ဆယ့်တစ်ပတ် ပြည့်သည် နှင့် တစ်ပြိုင်နက် စက္ကူလူရုပ်လေးအား ဆောင့်ဆွဲလိုက်ကြရာ စက္ကူအပိုင်းအစများ အဖြစ် တစ်ယောက်ချင်းစီ၏ လက်ထဲသို့ ရောက်ရှိသွားလေသည် ။

"ကဲ ... ... ငါတို့ ရဲ့ ကစားနည်းလေး ကတော့ ပြီးပြီ။ ဒီgame ရဲ့ အဓိပ္ပာယ်ကို ငါရှင်းပြမယ်။ ဒီကစားနည်းက Flaga လို့ ခေါ်တဲ့ မှော်ဝိဇ္ဇာဥ်ကို တိုင်တည်တဲ့ ကစားနည်းလေးပဲ။ Flaga ဆိုတာ Scandinavian နတ်ဘုရားမ တစ်ပါး ဖြစ်ပြီးတော့ အပေးအယူနဲ့ လေကို ပိုင်စိုးတယ်။

ဒီကစားနည်းက ကစားသူတိုင်းအတွက် အသက်မဝင်ဘူး။

စီရင်ပုံတွေ အကုန်မှန်ပြီး စိတ်အား ထက်သန်မှုတွေရှိမှ အောင်မြင်တယ်။ အခု ကိုယ့်လက်ထဲ ရောက်နေတဲ့ စက္ကူစလေးတွေကို မပျောက်အောင် သိမ်းထားရမယ်။

ခုချိန်ကစပြီး ဒီgame က ငါတို့ ရဲ့ ကံကြမ္မာတွေကို ပေါင်းစည်း ပေးလိုက်ပြီ။ တစ်ယောက် ချစ်သူရရင် ကျန်တဲ့ လေးယောက်စလုံး ချစ်သူရမယ်။ တစ်ယောက် စီးပွားတက်ရင် ကျန်တဲ့ လူတွေပါ စီးပွားလိုက်တက်

မယ် ... ဘယ်လောက် ကောင်းသလဲ"

ကေကေက ထိုသို့ပြောသဖြင့် အားလုံး ပြုံးပျော်သွားကြသည် ။

"ဟာ ... အဲဒါဆို တစ်ယောက် အိမ်ထောင်ကျရင် အကုန် အိမ်ထောင်ကျမှာ ပေ့ါ ဟုတ်လား"

"အေးပေ့ါဟ ... "

"ဒါဆို သူ့မင်္ဂလာဆောင်လဲ ကိုယ်မသွားနိုင် ကိုယ့်မင်္ဂလာဆောင်လဲ သူမလာနိုင် ဖြစ်ကုန်ကြမှာ ပေ့ါဟ ... "

"အာ ... အဲ့လိုလည်း မဟုတ်ဘူး လေ ဝေဖြိုးရဲ့ ... ။ တစ်ယောက်ပြီးမှ တစ်ယောက်။ တစ်ပြိုင်တည်း ဖြစ်မယ်လို့ ပြောတာမှ မဟုတ်တာ ... "

"ဩော် ... အဲ့လိုလုပ်ပါဟ ... ... ။ ငါက ငါ့ wedding ကျရင် ညည်းတို့ ဆီက လက်ဖွဲ့မရတော့မှာ စိတ်ပူသွားတာ ... ဟဲဟဲ ... "

"ကောင်စုတ် ... သူငယ်ချင်းတွေကို မကျွေးလိုက်ရမှာ တော့ စိတ်မပူဘူး။ လက်ဖွဲ့မရမှာ စိတ်ပူနေတယ် ဟုတ်လား မင်္ဂလာဆောင်တာကို စီးပွားရေး လုပ်တယ်များ မှတ်နေလား မသိဘူး ... ဈေးတွက် လာတွက်နေသေးတယ် ... ပေါက်တူးကောင်"

ကေကေနှင့် ဝေဖြိုးတို့ ၏ စကားများကြောင့် အားလုံးပေ့ါပေ့ါပါးပါး ရယ်မောဖြစ်ကြသည် ။

"ဒါဆို ... ငါတို့ ထဲက တစ်ယောက် သေသွားရင်ရော ... "

ယွန်းစိုး ရုတ်တရက် မေးလိုက်သော စကားတစ်ခုကြောင့် စောစောက ရယ်မောနေသံများ သည် လေပြင်းပြင်း တိုက်ခံလိုက်ရသော ဖယောင်းတိုင်မီး တစ်ခုလို ဟုပ်ခနဲ ရုတ်ခြည်း ငြိမ်ကျသွားလေတော့သည် ။

* * *

အောင်စာရင်း ထွက်သည့်နေ့ ...။

"cheers ... "

Jack Daniels ထောင်ထားသောဝိုင်းတွင် ဖန်ခွက်ငါးခွက်၏ နှုတ်ခမ်းချင်း ထိတိုက်သံက အောင်မြင်ခြင်း သင်္ကေတကို ဖော်ကျူးနေသည် ။

တစ်ယောက်က ဒါဆိုလျှင် နောက်တစ်ယောက်ကပါ ဒါတတ်သော BFF များ ဖြစ်သည့် အလျှောက် မိန်းကလေးများ ဖြစ်သော ကေကေ၊ ယွန်းစိုးနှင့် ဝါဆိုတို့ ကပါ ဝိုင် မသောက်ကြပဲ ဝေဖြိုး၊ ထက်နောင်တို့ နည်းတူ Whiskey သောက်ကြခြင်း ဖြစ်သည် ။

"ဂုဏ်ယူပါတယ် သူငယ်ချင်းတို့ ...။ ငါတို့ ငါးယောက်စလုံး နောက်ဆုံးနှစ် စာမေးပွဲကို လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်သွားလို့ ငါအရမ်းပျော်တယ်ဟာ ... "

ဝေဖြိုးက ဦးဆောင်၍ ပြောလိုက်သည် ။ ကေကေနှင့် ဝါဆိုက စာတော်ပြီးသား ဖြစ်သော်လည်း ယွန်းစိုးနှင့် ယောကျ်ားလေး နှစ်ယောက်ကတော့ စိုးရိမ်ဖွယ် အနေအထားမှာ ရှိခဲ့သည် ။

ယွန်းစိုးက အာရုံကြော ဝေဒနာကြောင့် ဖြစ်သော်လည်း ဝေဖြိုးနှင့် ထက်နောင်ကတော့ အိမ်ပြန် ရောက်သည် နှင့် game ဆိုင်သို့သာ ညလုံးပေါက် သည် အထိ ရောက်နေတတ် သောကြောင့် ဖြစ်သည် ။

စာမေးပွဲကို ဖြေသာဖြေခဲ့သော်လည်း အားနည်းသောဘာသာရပ်များ ရှိခဲ့သည် ကို သူတို့ ကိုယ်တိုင် သိသည် ။

ယခုတော့ အောင်စာရင်း စာရွက်ပေါ်တွင် ငါးယောက်စလုံး နာမည်ဘေး၌ ( * )ပွင့်လေးများ ပါ ပါလာသဖြင့် အံ့လည်း အံ့သြမိသလို ဝမ်းလည်း ဝမ်းသာမိကြရသည် ။

"ကေကေ ... ငါတို့ ဆော့ခဲ့တဲ့ gameက အတည်ထင်တယ်နော် ... "

ထက်နောင်က အရက်နှစ်ငုံမျှ မော့လိုက်ပြီး အမြည်းတစ်ဖတ် လှမ်းနှိုက်ရင်း မေးသည် ။

"အေးဟ ... ။ ငါလည်း အောင်စာရင်းကြည့်ပြီး ကတည်းက အဲ့ကိစ္စ ပြောချင်နေတာ။ ယွန်းစိုး နာမည်ဘေးမှာ ( * ) ပါလာရင်တောင် ငါအံ့သြမှာ မဟုတ်ဘူး ။ နင်တို့ နှစ်ကောင်ပါ ပါလာလို့ ငါ့မှာ အထူးအဆန်း ဖြစ်နေတာ ... "

"ငါရောပဲ ငါရောပဲ ... "

ကေကေ နှင့်အတူ ဝါဆိုကပါ ထောက်ခံသည် ။ ဝေဖြိုးက နပိုလီယံ အပြုံးမျိုးဖြင့် ပြုံးပြီး ကြည့်သည် ။ ထက်နောင်က ပိုက်ဆံအိတ်ကိုဖွင့်ကာ တစ်စုံတစ်ခုကို ထုတ်ယူသည် ။ ပြီးနောက် ...

"ဒါလေးကြောင့်ပေါ့ဟာ ... ။ ဒါလေးက ငါတို့ ဆီကို ကံကောင်းခြင်းတွေ ယူဆောင်လာပေးခဲ့တာ ... "

ထက်နောင် လက်ထဲတွင် ကိုင်ထားသည် က Friendship Forever Game မှ စက္ကူအပိုင်းအစ တစ်ခုဖြစ်သည် ။

"နင်တို့ ရော ကိုယ်နဲ့ မကွာ ဆောင်ထားရဲ့ လား"

"အမလေး ရှိပ့ါ ... "

ထိုသို့ဆိုကာ အားလုံးက မိမိတို့ သိမ်းဆည်း ထားကြသည့် စက္ကူအပို

င်း အစလေးများကို ထုတ်၍ ပြသကြသည် ။

"ဟုတ်ပါပြီ ... ။ ငါနင်တို့ ကို တိုင်ပင်စရာလေး တစ်ခုရှိလို့ ဟ ... "

"အေးပြောလေ ... "

ဝေဖြိုးက စက္ကူလေးကို ပိုက်ဆံအိတ် ကြားထဲသို့ ပြန်ထည့်လိုက်ရင်းက ပြောသည် ။ အားလုံးကလည်း ဝေဖြိုးပြောမည့် စကားကို နားစွင့်နေကြသည် ။

"ငါတို့ ပုဂံကို ဘုရားဖူး ထွက်ကြရအောင် ... "

အရက်ဝိုင်းနှင့် မအပ်စပ်သော ဘုရားဖူးစကား ထွက်လာသဖြင့် အားလုံးက ဝေဖြိုးကို ဟားတိုက်ကြသည် ။

"မသာကောင် ... ခွေးပါးစပ်က နတ်စကားတွေ ထွက်လို့ ... "

"အေးလေဟယ် ... အရက်သောက်နေတဲ့ ပါးစပ်ကြီးမှ အားမနာ ဘုရားဖူးထွက်မတဲ့ ငါမရယ်ချင်ဘူး အားတီ ... ... "

အားလုံးက ဝိုင်းဝန်း နှောက်ပြောင်ကြသဖြင့် ဝေဖြိုး အနေရခက်ခက် ဖြစ်သွားသည် ။

"ငါ တကယ်ပြောတာဟ ... ငါတို့ ကျောင်းတက်လာခဲ့တာ ၄နှစ်။ တစ်ခါမှ ဘုရားဖူး အတူတူမသွားဖူးသေးဘူး ... ။ ချောင်းသာကို တစ်ခေါက်လားပဲ ရောက်ဖူးကြ သေးတယ်လေ။ ဒါကြောင့်မို့ ပုဂံသွားရင် ကောင်းမလားလို့ ... "

"ငါလည်း facebook ပေါ်မှာ bagan memo ဆိုပြီး ပုံတွေ တင်ချင်တာကြာပြီဟ ... "

"ငါလည်း ရုပ်သေးရုပ်လေးတွေ ကြားမှာ ပိုစ့်ပေးပြီး ဓာတ်ဖမ်းချင်ခဲ့

တာ။ ပြီးရင် profile တင်ပစ်ဦးမယ်"

ကေကေရော ယွန်းစိုးပါ ပုဂံအမှတ်တရများ ရှိချင်သည် ဟု ဆိုလာသဖြင့် အစောက မျက်နှာငယ်လေးနှင့် ဖြစ်နေသော ဝေဖြိုးမျက်နှာက အာဏာရပါတီ ခေါင်းဆောင် တစ်ယောက်လို ဝင်းခနဲ လက်ခနဲ ဖြစ်သွားသည် ။

ရုပ်သေးရုပ်များ နှင့် profile တင်ချင်သော ကေကေကပင် စကားဆက်ပြန်သည် ။

"ပုဂံသွားတာက ဟုတ်ပါပြီ။ ကားကရော စင်းလုံး ငှားမှာ လား။ ဒါမှမဟုတ် express နဲ့ ပဲသွားကြမှာ လား ... ... "

"ဟင့်အင်း ... ... ရထားနဲ့ သွားမယ် ... "

"ဟမ် ... ... "

* * *